# ပုံနှိပ်ယဉ်ကျေးမှု ယိုယွင်းလာခြင်း

**စာဖတ်သူတွေက ဘယ်အရာဟာ အကောင်းဆုံးလဲဆိုတာကို ပြောမှာမဟုတ်ပါဘူး။ ဒါပေမဲ့ ထုတ်ဝေသူတွေအနေနဲ့ကတော့ digital ဘက်ကို ပိုမိုချဲ့ထွင်သင့်နေပြီဆိုတာ အသေအချာပါပဲ။**




နောက်မကြာခင် ရက်သတ္တပတ်အနည်းငယ်အတွင်းမှာ ထုတ်ဝေသူတွေဟာ လော်ရီကားကြီးတွေပေါ် စာအုပ်တွေတင်ပြီး စာအုပ်ဆိုင်တွေရဲ့ရှေ့ချကာ ခရစ်စမတ်အတွက်ဆိုပြီး လျှော့ဈေးနဲ့ ရောင်းတာတွေကို မြင်တွေ့ရဦးမှာပါ။ ဒါက စီးပွားရေးအရအပြိုင်အဆိုင်လုပ်ရှားမှုတွေရဲ့ မြင်ကွင်းတွေထဲက တစ်ခုဖြစ်ပါတယ်။

လူတိုင်းထင်ထားတာထက် ပိုမိုမြန်ဆန်တဲ့နှုန်းနဲ့ e-book တွေ အများအပြား ထွက်ပေါ်လာတာကလည်း ရိုးရိုးစာအုပ်တွေအတွက် ဆိုးရွားတဲ့ အပြောင်းအလဲတစ်ခု ဖြစ်နေပါတယ်။ အကြီးဆုံး e-book ငှားရမ်းရောင်းချသူတစ်ဦးဖြစ်တဲ့ Amazon သူ့ရဲ့ Kindle e-reader တွေ ပိုမိုအသုံးတွင်ကျယ်လာရေးဆိုတဲ့ ရည်ရွယ်ချက်နဲ့ လျှော့ဈေးနဲ့ ရောင်းတာတွေလည်း ရှိနေပါတယ်။ ခေတ်အမီဆုံး ဈေးကွက်တစ်ခုဖြစ်တဲ့ အမေရိကမှာလည်း အကြီးဆုံးဆိုတဲ့ ထုတ်ဝေသူတွေရဲ့ ရောင်းအား ၅ ပုံ တစ်ပုံလောက်ဟာ e-book တွေဖြစ်ပါတယ်။ ဝက်ဝက်ကွဲ လူကြိုက်များတဲ့ စာအုပ်အသစ်ဆိုရင်တောင်မှ e-book က ပိုပြီး အရောင်းလိုက်ပါတယ်။ ဒီလိုအခြေအနေက ပိုမိုကြီးထွားလာတာကြောင့် စာအုပ်ဆိုင်တချို့တောင် ပိတ်သိမ်းမှုတွေ ရှိနေပါပြီ။

စာဖတ်သူတွေအတွက်ဆိုရင်တော့ ဒါက ကောင်းမွန်ပါတယ်။ Amazon က စာဖတ်သူတွေကို စာအုပ်တွေ လွယ်လွယ်ကူကူ download ယူ သုံးစွဲစေတာကြောင့် ဖတ်ချင်တာတွေကို လက်လှမ်းမမီတာမျိုး မရှိတော့ပါဘူး။ ဒါက အချိန်ကို ချွေပေးရာလည်း ရောက်ပါတယ်။ ပြီးတော့ ဘယ်သူမဆို Amazon အပြင် သူနဲ့ ဝန်ဆောင်မှုချင်းတူတဲ့ service တွေဆီကနေ စာအုပ်တွေကို ထုတ်ဝေနိုင်နေပါပြီ။ ရွေးချယ်စရာများပြားမှုနဲ့ ဈေးနှုန်းသက်သာမှုတို့ကြောင့် e-book တွေက Angry Birds လို game မျိုးထက်တောင် digital ပစ္စည်းတွေပေါ်မှာ နေရာရနေတာ ဖြစ်ပါတယ်။

အခုအချိန်မှာ စာအုပ်ထုတ်ဝေရေးတွေက ၁၉၉၀ ခုနှစ်တွေတုန်းက သတင်းစာတွေရဲ့ အနေအထား၊ ၂၀၀၀ ပြည့်နှစ်အစောပိုင်းတွေတုန်းက သီချင်းတွေရဲ့အနေအထားနဲ့ ပုံစံဆင်တူနေပါတယ်။ ထုတ်ဝေသူတွေအနေနဲ့လည်း အန္တရာယ်အခြေအနေဖြစ်နေတာပါ။ ဝင်ငွေအနေနဲ့ သိပ်ကွာဟမှုမရှိသေးပေမယ့် အခြေအနေတွေကတော့ ပြောင်းလဲနေတာ ဖြစ်ပါတယ်။ ပြီးတော့ လူကြိုက်များတဲ့စာအုပ်တွေကို ပုံနှိပ်ထုတ်ဝေတာက စာဖတ်သူတွေဆီ စတင်မိတ်ဆက်ဖို့ တစ်ခုတည်းသောနည်း ဖြစ်နေပါသေးတယ်။ ထုတ်ဝေသူတချို့ရဲ့ လုပ်ရိုးလုပ်စဉ်တွေဟာလည်း အခုအချိန်မှာ ခေတ်မမီတော့ပါဘူး။ ပြဿနာဖြေရှင်းနည်းအချို့နဲ့ online အကြံပြုချက်အချို့ကလည်း ထုတ်ဝေသူတွေရဲ့နေရာအစားထိုးဖို့ အရည်အသွေးပိုင်း အဆုံးအဖြတ်ပေးနိုင်ပါတယ်။

ကိုယ်တိုင် တစ်နိုင်တစ်ပိုင် ထုတ်ဝေနိုင်မှုကလည်း ထုတ်ဝေသူတွေရဲ့ ရပ်တည်မှုကို ခြိမ်းခြောက်နေပါတယ်။ စာအုပ်ဆိုင်တွေ ပိတ်သိမ်းမှုကလည်း သူတို့အတွက် စင်တင်ဖို့နေရာပျောက်စေပါတယ်။ ပြီးတော့ digital ဈေးကွက်ဘက်ကို လှည့်မယ်ဆိုရင်လည်း သူတို့အနေနဲ့ Apple က သီချင်း download ရနိုင်မှုတွေကို ထိန်းချုပ်ထားသလို Amazon ရဲ့ e-book ဈေးကွက်အပေါ် လက်ဝါးကြီးအုပ်ထားခြင်းမျိုးကိုလည်း ကြုံတွေ့ရပါဦးမယ်။ တစ်ချိန်က တေးသံသွင်းကုမ္ပဏီတွေအနေနဲ့လည်း အခုထုတ်ဝေသူတွေလိုမျိုး အခက်အခဲကြုံတွေ့ခဲ့ရပါတယ်။

## ဘယ်လိုရင်ဆိုင်မလဲ

လောလောဆယ်မှာတော့ ထုတ်ဝေသူတွေအတွက် အရေးကြီးတဲ့အလုပ် ၂ ခု ရှိနေပါတယ်။ တစ်ခုက စာအုပ်လုပ်ငန်းအတွက် အရဲစွန့် ရင်းနှီးမြှုပ်နှံသူအဖြစ်နဲ့ အကျိုးအမြတ်ရနိုင်လောက်တဲ့ စာအုပ်တွေရေးနိုင်တဲ့ စာရေးဆရာတွေကို ကြိုတင်ငွေပေးထားကာ တခြား ဘယ်လိုပုံစံနဲ့မှ မထုတ်ဝေနိုင်အောင်လုပ်ထားနိုင်ပါတယ်။ ထုတ်ဝေသူတွေဆိုတာ editor တွေလည်းဖြစ်တော့ စာအုပ်ကောင်းတွေ ရွေးချယ်၊ မြေတောင်မြှောက်ပေးနိုင်ပါတယ်။ ဒါကြောင့် သူတို့သာ ရေရှည်ရပ်တည်နိုင်မယ်ဆိုရင် စီးပွားရေးအတွက်သာမက ပညာရှင်တွေအတွက်လည်း ကောင်းမွန်ပါတယ်။

တေးသံသွင်းကုမ္ပဏီတွေရဲ့ Apple က သီချင်းဈေးကွက်ကို ချုပ်ကိုင်နိုင်မှု ထိရောက်စွာ မတုံ့ပြန်နိုင်မှုကို ကြည့်ပြီး ထုတ်ဝေသူတွေကလည်း ဈေးနှုန်းနဲ့ပတ်သက်လို့ ကိုယ်သတ်မှတ်ထားပြီးသား တန်ဖိုးတွေကို ထိန်းသိမ်းနိုင်ဖို့ စီမံရပါမယ်။ တစ်ခုရှိတာက တေးသံသွင်းနဲ့ ရုပ်ရှင်ကုမ္ပဏီတွေကလည်း electornic ဈေးကွက်နဲ့ သူတို့ရဲ့ ထုတ်ကုန်တွေကို တွဲဖက်ပြီး ထုတ်နေတာကိုလည်း ကြည့်ရပါမယ်။ ဥပမာ– သီချင်းခွေတစ်ခွေ ၊ ရုပ်ရှင်ကားတစ်ကားကိုဝယ်ရင် အဲဒီသီချင်း၊ ဒါမှမဟုတ် ရုပ်ရှင်ကို internet ကနေ download ရယူနိုင်ဖို့ code number ပေးတာမျိုး ဖြစ်ပါတယ်။ ဒါကြောင့် ထုတ်ဝေသူတွေအနေနဲ့လည်း e-book နဲ့ ရိုးရိုးစာအုပ်တွေကို ပေါင်းစည်းသင့်ပါတယ်။

Digital စာအုပ်တွေဆိုတာက ကမ္ဘာအနှံ့ တစ်ပြိုင်နက်ဖြန့်ချိနိုင်ပါတယ်။ ဒါပေမဲ့ ထုတ်ဝေသူတွေကတော့ ကမ္ဘာအနှံ့နယ်မြေခွဲကာ editorial ဝန်ထမ်းအသီးသီးနဲ့ ရပ်တည်နေတာဖြစ်ပါတယ်။ Digital ခေတ်မှာ စာအုပ်တစ်အုပ်ဈေးကွက်ထဲ



ရောက်ဖို့ လနဲ့ချီ၊ နှစ်နဲ့ချီ အချိန်ယူတာက မိုက်မဲတယ်လို့ပဲ ဆိုရမှာပါ။ ထုတ်ဝေသူတွေဟာ ကိုယ်တိုင်ရေး၊ ကိုယ်တိုင်ထုတ်စာအုပ်တွေထက် ပိုပြီး သူတို့ရဲ့ စာအုပ်တွေကို ထူးခြားကောင်းမွန်အောင် လုပ်နိုင်ရပါမယ်။ စာအုပ်ကောင်းတွေကို ပိုမိုရွေးချယ်တတ်ရပါမယ်။

ပြီးတော့ စိတ်ကူးစိတ်သန်းတွေကိုလည်း အမြဲသနေရမှာဖြစ်တဲ့အပြင် ထုတ်ထားပြီးသားစာအုပ်တွေကိုလည်း ပြင်ဆင်မွမ်းမံ ထုတ်ဝေမှုတွေ ပြုလုပ်ရမှာ ဖြစ်ပါတယ်။ တကယ်လို့ ထုတ်ဝေသူတွေက စာဖတ်သူတွေကို ဆွဲဆောင်ထားချင်တယ်ဆိုရင်တော့ ပိုပြီးကောင်းတဲ့ အကြောင်းအရာတွေကို ထုတ်ပြနိုင်ရမှာဖြစ်ပြီး စာလုံးပေါင်း အမှားအယွင်းကင်းအောင် သေချာတည်းဖြတ်ပြင်ဆင်ရမှာပဲ ဖြစ်ပါတယ်။ ■